## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**၁။ လျှောက်ထားခြင်း**

လယ်ယာမြေကိုလက်ရှိအသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ(၁) **(ပူးတွဲ-၁)**ဖြင့် **ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** မှတဆင့် **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံး** သို့ လျှောက်ထားရပါမည်။

**၂။ စိစစ်ခြင်း**

(က) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသည် လျှောက်လွှာလက်ခံရရှိပြီးနောက် လယ်ယာမြေနည်းဥပဒေအပိုဒ်(၆)နှင့်အညီ အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း

(၂) ကန့်ကွက်နိုင်ကြောင်းထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ(၂) **(ပူးတွဲ-၂)** ဖြင့် ကြေငြာခြင်း

(၃) လျှောက်လွှာမှတ်ပုံတင်စာရင်းပုံစံ(၃) **(ပူးတွဲ-၃)** ဖြည့်စွက်ခြင်း၊

(၄) စစ်ဆေးချက်ပုံစံ(၄) **(ပူးတွဲ-၄)**များဖြည့်စွက်ခြင်းနှင့် သဘောထားမှတ်ချက်ပေးခြင်း

(၅) လျှောက်ထားမြေသည်ဌာန၏ စာရင်းမြေပုံနှင့် ကိုက်ညီမှုမရှိပါက ပတ်ဝန်းကျင် တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းစိစစ်တိုင်းတာ အတည်ပြုခြင်း၊

(၆) လယ်ယာမြေလုပ်ကွက်တစ်ခုအတွက် တစ်ဦးထက်ပိုသူတို့က လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားလာပါက အောက်ပါလုပ်ငန်းစဉ်များအား ထပ်မံဆောင်ရွက်ရမည်-

(ကက) လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်းပုံစံ(၃) ရေးသွင်းခြင်း၊

(ခခ) လျှောက်ထားသည့်လယ်မြေကို အသုံးပြုခွင့် ရရှိထားခြင်း အထောက်အထား ခိုင်လုံမှု ရှိ/မရှိ စိစစ်ခြင်း၊

(ဂဂ) လျှောက်ထားသည့် လယ်ယာမြေကို ယခင်ကလုပ်ကိုင်ခဲ့ဘူးခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဃဃ) လက်ငုတ်ပြတ်တောက်ခဲ့ခြင်းဖြစ်ပါက လုံလောက်သော အကြောင်းပြချက် ရှိ/မရှိ စိစစ်ခြင်း၊

(ငင) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း တောင်သူ လယ်သမားတစ်ဦးချင်း လုပ်ခွင့်ရလယ်ယာမြေ ဧရိယာ ဖော်ပြသောစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(စစ) အမှန်တကယ်လုပ်ကိုင်ခွင့်ရရှိထားသူမဟုတ်ဘဲ မမှန်မကန် လိမ်ညာ လျှောက်ထားခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(၇) ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိပါက ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ စုံစမ်းစစ်ဆေးစေပြီး သဘောထားမှတ်ချက်နှင့်အတူ ပြန်လည်တင်ပြစေရမည်။ ယင်းနောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ထံ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တင်ပြလာသည့်လုပ်ငန်းစာတွဲအား လက်ခံရရှိပြီးနောက် လယ်ယာမြေနည်းဥပဒေအပိုဒ်(၁၁)နှင့်အညီ အောက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(၁) စစ်ဆေးချက်ပုံစံ(၄)အား စိစစ်ခြင်း၊

(၂) သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြခြင်း၊

(ဂ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တင်ပြလာသည့်လုပ်ငန်းစာတွဲများအား ထပ်မံ စိစစ်ပြီး လယ်ယာမြေနည်းဥပဒေအပိုဒ်(၁၂)အရ အောက်ပါလုပ်ငန်း စဉ်များကိုဆောင်ရွက်ရမည်-

(၁) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကိုခွင့်ပြုကြောင်း (သို့) ငြင်းပယ်ကြောင်း ဆုံးဖြတ်ခြင်း၊

(၂) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အရ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ အကြောင်းကြားခြင်း၊

(ဃ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးသည် ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်အား လက်ခံရရှိပြီးနောက် အောက်ပါအတိုင်း ဆောင်ရွက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပေးပို့ ရမည်-

(၁) လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) **(ပူးတွဲ-၅)**ရရှိသူကို လယ်ယာမြေ လုပ်ပိုင်ခွင့် မှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ မှတ်ပုံတင်ကြေး ပေးသွင်းစေခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများအား မှတ်ပုံတင် စာရင်း (ပုံစံ-၅) **(ပူးတွဲ-၆)** တွင် မှတ်တမ်းတင်ခြင်း

(၂) လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခြင်းခံရသူကို ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၆) **(ပူးတွဲ-၇)** တွင် မှတ်တမ်းတင်ခြင်း

## ၃။ ခွင့်ပြုမိန့်ထုတ်ပေးခြင်း

(က) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၏အကြောင်းကြားချက်ရရှိပါက အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက် ရမည်-

(၁) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးခြင်း

(၂) ငြင်းပယ်ခြင်းခံရသူထံ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ (ပုံစံ-၈) **(ပူးတွဲ-၈)** ထုတ်ပေးခြင်း

## ၄။ ကြပ်မတ်ခြင်း

(က) လယ်ယာမြေဥပဒေပုဒ်မ(၁၂)အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများမှ လိုက်နာရမည့် အောက်ပါစည်းကမ်းချက်များအား လိုက်နာခြင်းရှိ/မရှိ သက်ဆိုင်ရာ လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရမည်-

(၁) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကိုလုပ်ကိုင်ရမည်။

(၂) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနကစည်းကြပ်သော မြေခွန်နှင့် အခြား အခွန်အခများကို ပေးဆောင်ရမည်။

(၃) လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာန က သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခ တို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင် ရမည်။

(၄) တည်ဆဲဥပဒေနှင့်အညီအမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(၅) စိုက်ပျိုးရေးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(၆) သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ။

(၇) လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(၈) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(၉) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်း မပြုရ။

(၁၀) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်း ခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

## ၅။ ပုံစံ(၇)ထုတ်ပေးရန် ကြာမြင့်မည့်ကာလ

ပုံစံ(၁)လျှောက်ထားသည့်ရက်မှ ပုံစံ(၇)ရရှိသည့်အချိန်အထိ ကြာမြင့်မည့်ကာလမှာ ကန့်ကွက်မှုမရှိပါက (၁၃၄)ရက် ကြာမြင့်မည်ဖြစ်ပြီး ကန့်ကွက်မှုရှိပါက (၁၄၈)ရက် ကြာမြင့်မည်ဖြစ်ပါသည်။